FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

# ကူးသန်းရောင်းဝယ်ရေးမော်တော်ယာဉ်ပေါ်လစီစည်းမျဉ်းများ

## ပုဒ်မ ၁ ဆုံးရှုံးခြင်း (သို့မဟုတ်) ပျက်စီးခြင်း

၁။ အောက်ဖော်ပြပါ အကြောင်းအရာအဖြစ်အပျက်တစ်ရပ်ရပ်ကြောင့် အာမခံထားရှိသောမော်တော်ယာဉ်၊ ၎င်း၏ တွဲဖက်ပစ္စည်းများ (accessories) နှင့် ၎င်းယာဉ်ပေါ်ရှိ အပိုပစ္စည်းများဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် အာမခံထားသူအား ဤကုမ္ပဏီက လျော်ကြေးပေးမည်-

(က) မတော်တဆတိုက်မိခြင်း သို့မဟုတ် မတော်တဆတိမ်းမှောက်ခြင်း သို့မဟုတ် စက်ချွတ်ယွင်းခြင်း သို့မဟုတ် ဟောင်းနွမ်းပြုန်းတီးပျက်စီးခြင်း၏ အကျိုးသက်ရောက်မှုကြောင့် တိုက်မိခြင်း သို့မဟုတ် တိမ်းမှောက်ခြင်း။

(ခ) မီးလောင်ခြင်း၊ ပြင်ပပေါက်ကွဲခြင်း၊ အလိုအလျောက်မီးညှိခြင်း (self-ignition) သို့မဟုတ် မိုးကြိုးပစ်ခြင်း။

(ဂ) မသမာဖျက်စီးခြင်း (malicious act)။

(ဃ) ကုန်းလမ်း၊ မီးရထားလမ်း၊ ပြည်တွင်းရေကြောင်း၊ ဓါတ်လှေကား သို့မဟုတ် စက်လှေကားဖြင့် အပြောင်းအရွှေ့ ပြုလုပ်နေစဉ် (ထိုကဲ့သို့ အပြောင်းအရွှေ့ ပြုလုပ်ရန်အတွက် သက်ဆိုင်ရာယာဉ်နှင့် ဓါတ်လှေကား သို့မဟုတ် စက်လှေကားပေါ်သို့တင်ခြင်း၊ ယင်းမှချခြင်းအပါအဝင်)။

(င) သဘာဝလှုပ်ရှားခြင်း၊ မငြိမ်သက်ခြင်းတို့ကြောင့်မဟုတ်ဘဲ အပေါ်မှကျလာသောပစ္စည်းများကြောင့် ထိခိုက်ပျက်စီးခြင်း။

၂။ ဤကုမ္ပဏီသည် မိမိ၏ဆန္ဒအလျောက် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းတန်ဘိုးကို ငွေဖြင့်ပေးလျော်နိုင်သည်။ သို့မဟုတ် အာမခံထားသောမော်တော်ယာဉ် သို့မဟုတ် ယင်း၏မည်သည့်အစိတ်အပိုင်း သို့မဟုတ် ယင်း၏ မည်သည့်တွဲဘက်ပစ္စည်း သို့မဟုတ် ယင်း၏ မည်သည့်အပိုပစ္စည်းကိုမဆို ပြင်ဆင် သို့မဟုတ် ပြန်လည်တည်ဆောက် (reinstate) သို့မဟုတ် အစားထိုးပေးနိုင်သည်။ ဤကုမ္ပဏီ၏ တာဝန်သည် ဆုံးရှုံး သို့မဟုတ် ပျက်စီးသော အစိတ်အပိုင်းများ၏တန်ဘိုးနှင့် ယင်းတို့အား တပ်ဆင်ခြင်းအတွက် လျော်ကန်သင့်မြတ်သည့် တပ်ဆင်ခတို့ထက် မပိုစေရ။ ဤပေါ်လစီ၌ ဖော်ပြထားသော အာမခံထားငွေသည် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် တောင်းခံသော မည်သည့်လျော်ကြေးအတွက်မဆို ဤကုမ္ပဏီက ပေးရန်ရှိသည့်အများဆုံး အမြင့်ဆုံးတန်ဘိုး ဖြစ်စေရမည်။

၃။ ဤပေါ်လစီကအာမခံသောဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် အာမခံထားသည့် မော်တော်ယာဉ်သည် ပျက်စီးပြီး မရွေ့လျားနိုင်ပါက ဤကုမ္ပဏီသည် မိမိ၏တာဝန်ရှိမှု ကန့်သတ်ချက်ဘောင်အတွင်းတွင် ယင်းမော်တော်ယာဉ်အား စောင့်ရှောက်ခြင်းနှင့် အနီးဆုံးမော်တော်ယာဉ်ပြင်ဆင်သူများထံသို့ ပေးပို့အပ်နှံခြင်းအတွက် ကုန်ကျမည့်လျော်ကန်သင့်မြတ်သောစရိတ်စကကိုကျခံမည်။

၄။ ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း (လုံးဝဖြစ်စေ၊ တစ်ဝက်တစ်ပျက်ဖြစ်စေ) တစ်စုံတစ်ရာဖြစ်ပေါ်ချိန်တွင် မော်တော်ယာဉ်အတွက် အာမခံထားငွေ သည် ယင်း၏ကာလပေါက်ဈေးထက် လျော့နည်းနေပါက အာမခံထားသူအား အဆိုပါ ခြားနားတန်ဘိုး၏ အာမခံလက်ခံသူ ဟု ယူဆရမည်ဖြစ်ပြီး ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း၏ အချိုးကျတန်ဘိုးကို ၎င်းကကျခံရမည်ဟု ဤတွင်နားလည်သဘောတူကြပါသည်။ သို့ရာတွင် အကယ်၍ ဆုံးရှုံး သို့မဟုတ် ပျက်စီးချိန်ရှိ ကာလပေါက်ဈေးသည် အာမခံထားငွေ၏ ၁၀%ထက် မပိုမိုပါက ဤစည်းမျဉ်းကို မကျင့်သုံးရ။ အောက်တွင် ဥပမာများဖြင့် ပြဆိုပါသည်-

| | ကျပ်(သိန်း) |
|---|---|
| ဆုံးရှုံး/ပျက်စီးချိန်ရှိကာလပေါက်ဈေး | ၃၀၀ |



CALL CENTER 01-9010900

| | |
|---|---|
| အာမခံထားငွေ | ၂၅၀ |
| တစ်ဝက်တစ်ပျက်ဆုံးရှုံးမှု | ၁၅၀ |
| လုံးဝဆုံးရှုံးမှု | ၃၀၀ |

**တစ်ဝက်တစ်ပျက်ဆုံးရှုံးမှု (Partial loss)**

၂၅၀ x ~~၁၅၀~~ = သိန်း ၁၂၅

~~၃၀၀~~ ၂

ကျပ်သိန်း ၁၅၀ တစ်ဝက်တစ်ဝက် ဆုံးရှုံးမှုတွင် ပုဒ်မ (၁-၄) အရ လျော်ကြေးကျပ် ၁၂၅ သိန်း သာရမည်။ အာမခံထားသူကကျပ် ၂၅ သိန်းကို ကျခံရမည်။

**လုံးဝဆုံးရှုံးမှု (Total loss)**

၂၅၀ x ~~၃၀၀~~ = သိန်း ၂၅၀

~~၃၀၀~~

လုံးဝဆုံးရှုံးမှုတွင်အာမခံထားငွေ အတိုင်းလျော်ကြေးအပြည့် ကျပ် ၂၅၀ သိန်းရမည်။

၅။ ဤပေါ်လစီအရ ဤကုမ္ပဏီက ပေးလျော်ရန် တာဝန်ရှိလာနိုင်သောပျက်စီးခြင်းအတွက် မော်တော်ယာဉ်အား ပြင်ဆင်ရန်ကိစ္စတွင် မပြင်ဆင်မီ အာမခံထားသူသည် ဤကုမ္ပဏီ၏ စာဖြင့်ရေးသားခွင့်ပြုချက်ကိုရယူရမည်။

## ပုဒ်မ ၁ ၏ ချွင်းချက်များ

ဤကုမ္ပဏီသည် အောက်ပါများအတွက် ပေးလျော်ရန်တာဝန်မရှိပါ-

(က) ဝင်ငွေ/ အမြတ်ဆုံးရှုံးခြင်း (consequential loss) ၊ တန်ဘိုးယုတ်လျော့ခြင်း သို့မဟုတ် ဟောင်းနွမ်းပြုန်းတီးပျက်စီးခြင်း၊ စက်ချွတ်ယွင်းခြင်း သို့မဟုတ် လျှပ်စစ်ဆိုင်ရာချွတ်ယွင်းခြင်းများ၊ ပြတ်တောက်ခြင်းများ (failures) နှင့် ကျိုးပဲ့ခြင်းများ။

(ခ) ကုန်ပိုမိုတင်ဆောင်ခြင်း သို့မဟုတ် မော်တော်ယာဉ်အားပျော့ချည့်နဲ့ခြင်း (strain) ကြောင့်ပျက်စီးခြင်း။

(ဂ) တစ်ချိန်တည်းတွင် အာမခံထားသည့်မော်တော်ယာဉ် မပျက်စီးဘဲ တာယာများသာပျက်စီးခြင်း။

(ဃ) တစ်စုံတစ်ဦး၏ လိမ်ညာမှုကြောင့်ဖြစ်စေ၊ ယင်းနှင့် ဆက်စပ်ပတ်သက်၍ဖြစ်စေ၊ တစ်စုံတစ်ရာဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း။

(င) တစ်စုံတစ်ဦး၏ရာဇဝတ်မှုဆိုင်ရာ ယုံကြည်မှုကိုဖောက်ဖျက်ခြင်း (criminal breach of trust) ကြောင့်ဖြစ်စေ ယင်းနှင့် ဆက်စပ်ပတ်သက်၍ဖြစ်စေ တစ်စုံတစ်ရာဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း။

## ပုဒ်မ ၂ သူတပါးများသို့ တာဝန်ရှိခြင်း

၁။ အာမခံထားသည့်မော်တော်ယာဉ်ကို အသုံးပြုခြင်းဖြင့်လည်းကောင်း၊ အသုံးပြုခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း မတော်တဆမှု တစ်ခုဖြစ်ပေါ်ပြီး အခြားသူတစ်ဦးဦးသေဆုံးခြင်း သို့မဟုတ် ကိုယ်ခန္ဓာဒဏ်ရာရခြင်း အတွက် ဤကုမ္ပဏီသည် မိမိ၏တာဝန်ရှိမှု ကန့်သတ်ချက်ဘောင် အတွင်းတွင် အာမခံထားသူသို့ လျော်ကြေးပေးမည်။

၂။ အာမခံထားသည့်မော်တော်ယာဉ်ကို အသုံးပြုခြင်းဖြင့်လည်းကောင်း၊ အသုံးပြုခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း မတော်တဆမှု တစ်ခုဖြစ်ပေါ်ပြီး ပစ္စည်းပျက်စီးခြင်းအတွက် ဤကုမ္ပဏီသည်မိမိ၏ တာဝန်ရှိမှုကန့်သတ်ချက် ဘောင်အတွင်းတွင် အာမခံထားသူသို့ လျော်ကြေး

ပေးမည်။ သို့ရာတွင် အာမခံထားသူပိုင်ဆိုင်သော သို့မဟုတ် ၎င်းထံယုံကြည်မှုဖြင့်အပ်နှံထားသော သို့မဟုတ် အာမခံထားသူ သို့မဟုတ် ၎င်း၏အိမ်သားတစ်ဦးဦးက ထိန်းချုပ်ထားသော သို့မဟုတ် သိမ်းဆည်းထားသော ပစ္စည်းပျက်စီးခြင်းအတွက် ဤကုမ္ပဏီတွင် တာဝန်ရှိလိမ့်မည် မဟုတ်ပါ။

၃။ ဤကုမ္ပဏီ၏ စာဖြင့်ရေးသားခွင့်ပြုချက်အရ ကုန်ကျသောစရိတ်စက အားလုံးကို ဤကုမ္ပဏီကပေးချေမည်။

၄။ မတော်တဆမှုတစ်စုံတစ်ရာဖြစ်ပေါ်ရာတွင် ဤပုဒ်မအရ လျော်ကြေးရရှိနိုင်သောပုဂ္ဂိုလ်များသည် တစ်ဦးထက် ပိုနေပါက ဤကုမ္ပဏီ၏ တာဝန်ရှိမှုကန့်သတ်ချက်ဘောင်သည် လျော်ကြေးရရှိသောပုဂ္ဂိုလ်အားလုံးသို့ ပေးသည့် လျော်ကြေးစုစုပေါင်းနှင့် သက်ဆိုင်ပြီး ယင်းကဲ့သို့ လျော်ကြေးပေးရာတွင် အာမခံထားသူအား ဦးစားပေးရမည်။

၅။ ဤကုမ္ပဏီသည်မိမိ၏ ဆန္ဒအလျောက်

(က) ဤပုဒ်မနှင့်အညီ လျော်ကြေးတောင်းခံမှုဖြစ်ပေါ်လာနိုင်သော မည်သည့်သေဆုံးမှုနှင့်စပ်လျဉ်း၍မဆို မည်သည့်သေမှု သေခင်းကိစ္စ စုံစမ်းစစ်ဆေးခြင်း (inquest) သို့မဟုတ် စုံစမ်းစစ်ဆေးခြင်း (inquiry) သို့မဆို ကိုယ်စားလှယ်စေလွှတ်နိုင်သည်။

(ခ) ဤပုဒ်မနှင့်အညီ လျော်ကြေးတောင်းခံမှုဖြစ်ပေါ်လာနိုင်သော အဖြစ်အပျက်တစ်ခုခုကို ပေါ်ပေါက်စေသည့် သို့မဟုတ် သက်ဆိုင်စေသည့်အပြုအမူ သို့မဟုတ် အပြစ်ရှိသည်ဟု စွပ်စွဲမှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တရားရုံးတစ်ခုခုတွင် တရားစွဲဆိုခြင်းများအား ခုခံပိုင်ခွင့်ရှိသည်။

## ပုဒ်မ ၂ ၏ ချွင်းချက်များ

ဤကုမ္ပဏီသည် အောက်ပါများကို ပေးလျော်ရန်တာဝန်မရှိပါ-

(က) အာမခံထားသောမော်တော်ယာဉ်ပေါ်သို့ ကုန်တင်ရန်အတွက် ကုန်ကိုသယ်ယူလာစဉ်တွင်လည်းကောင်း၊ မော်တော်ယာဉ်မှ ကုန်ကိုချပြီး အခြားသို့သယ်ယူရာတွင်လည်းကောင်း၊ ယာဉ်သွားလမ်းကြော (carriageway) သို့မဟုတ် လမ်းမ (thoroughfare)တစ်ခုခု၏ နယ်နိမိတ်ပြင်ပတွင်ဖြစ်ပေါ်သော သို့မဟုတ် ပေါ်ပေါက်သောသေဆုံးခြင်း၊ ကိုယ်ခန္ဓာ ဒဏ်ရာရခြင်း သို့မဟုတ် ပျက်စီးခြင်း။

(ခ) အာမခံထားသူ၏ အလုပ်သမားတစ်ဦးဦး မိမိ၏လုပ်ငန်းကိုလုပ်ကိုင်စဉ် သို့မဟုတ် လုပ်ကိုင်ရာမှ ဖြစ်ပေါ်သော သေဆုံးခြင်း သို့မဟုတ် ကိုယ်ခန္ဓာဒဏ်ရာရခြင်း။

(ဂ) လျော်ကြေးတစ်ခုခုပေါ်ပေါက်သော အဖြစ်အပျက်ဖြစ်ပျက်နေချိန်တွင် အာမခံထားသည့်မော်တော်ယာဉ်ပေါ်၌ စီးနင်းလိုက်ပါလာစဉ် သို့မဟုတ် ၎င်းယာဉ်ပေါ်သို့ဝင်ရောက် သို့မဟုတ် တက်ရောက်နေစဉ် သို့မဟုတ် ၎င်းယာဉ်ပေါ်မှ ဆင်းသက်နေစဉ် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် (လုပ်ငန်းပဋိညာဉ်နှင့်အညီ သို့မဟုတ် လုပ်ငန်းပဋိညာဉ်အရ ယာဉ်ပေါ်တွင် သယ်ဆောင်လာသောခရီးသည်မှအပ) သေဆုံးခြင်း၊ ကိုယ်ခန္ဓာဒဏ်ရာရခြင်း။

(ဃ) အာမခံထားရှိသည့်မော်တော်ယာဉ်ပေါ်တွင် သယ်ဆောင်လာသောပစ္စည်းပျက်စီးခြင်း။

(င) အာမခံထားသောမော်တော်ယာဉ်တွင် သယ်ဆောင်လာသည့်ကုန် သို့မဟုတ် မော်တော်ယာဉ်၏ အလေးချိန် သို့မဟုတ် တုန်ခါမှုကြောင့် မည်သည့်တံတား ၊ မည်သည့်ယာဉ်ချိန်စက် သို့မဟုတ် မည်သည့် ဘိုင်ရာဒတ်တံတား (viaduct) သို့မဟုတ် မည်သည့်လမ်း သို့မဟုတ် အောက်ရှိမည်သည့် အရာမဆို ပျက်စီးခြင်း။

(စ) အာမခံထားသည့်မော်တော်ယာဉ်၏ မီးပွားများ သို့မဟုတ် ပြာများကြောင့် ပစ္စည်းပျက်စီးခြင်း။



CALL CENTER 01-9010900

(ဆ) ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းတွင် စီရင်ပိုင်ခွင့်ရှိသောတရားရုံးတစ်ရုံးက ပထမအကြိမ် မဟုတ်ဘဲ ချမှတ်သည့် သို့မဟုတ် ယင်းရုံးမှရရှိသောအမိန့်များနှင့်အညီပေးလျော်ရသည့် လျော်ကြေးများ။

(ဇ) အာမခံထားသူထံမှ တောင်းခံသူတစ်ဦးဦးက ရရှိပြီးဖြစ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း တွင် တင်ရှိခြင်းနှင့် ပြန်လည်ရရှိနိုင်ခြင်း မရှိသည့်တရားစရိတ်များ။

## ပုဒ်မ ၃ မရွေ့လျားနိုင်သောယာဉ်များ (disabled vehicles) အား ဆွဲယူခြင်း

စက်အားဖြင့်မောင်းနှင်ပြီး လောလောဆယ် မရွေ့လျားနိုင်သော မော်တော်ယာဉ်တစ်စီးစီးအား ဆွဲယူရန်အလို့ငှာ အာမခံထားသည့် မော်တော်ယာဉ်ကို အသုံးပြုနေစဉ်တွင် ဤပေါ်လစီသည် သက်ဝင်လှုပ်ရှားလာရမည်ဖြစ်သည်။

အောက်ပါတို့နှင့်ညီညွတ်လျှင် အဆွဲခံယာဉ်နှင့်စပ်လျဉ်း၍ တာဝန်ရှိမှုအတွက် ပုဒ်မ (၂) ပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဤကုမ္ပဏီက အာမခံထားသူအား လျော်ကြေးပေးမည်-

(က) အဆွဲခံယာဉ်အား ဆွဲယူခြင်းမှာ အခကြေးငွေရရှိနိုင်ရန်အတွက် မဟုတ်ခြင်း။

(ခ) အဆွဲခံယာဉ် သို့မဟုတ် ယင်းကသယ်ဆောင်လာသည့်ပစ္စည်းပျက်စီးခြင်းအတွက် ဤပုဒ်မအရ ဤ ကုမ္ပဏီတွင် တာဝန်မရှိခြင်း။

## လျော်ကြေးမဲ့ဆု

ဤပေါ်လစီတည်မြဲရေး၏ ချက်ချင်းအလျှင်ကျသော အောက်ဖော်ပြပါ သက်တမ်းအတွင်း လျော်ကြေးမပေါ်ပေါက် သို့မဟုတ် မတောင်းခံခဲ့ပါက တည်မြဲရေးဆောင်ရွက်သော အာမခံအစိတ်အပိုင်းအတွက် တည်မြဲရေးပရီမီယံကို အောက်ပါအတိုင်း လျှော့ပေးမည်-

| အာမခံသက်တမ်း | လျော်ကြေးမဲ့ဆု |
|---|---|
| ယခင်နှစ် (လျော်ကြေးမတောင်းခဲ့သောပထမနှစ်) | ၁၅% |
| ယခင်ဆက်တိုက် ၂ နှစ် (ဒုတိယနှင့် တတိယနှစ်များ) | ၂၀% |
| ယခင် ၃ နှစ်နှင့်ဆက်တိုက်နှစ်များ (စတုတ္ထနှင့်နောက်နှစ်များ) | ၂၅% |

ဤကုမ္ပဏီသည် ဤပေါ်လစီပါ အကျိုးခံစားခွင့်လွှဲပြောင်းပေးခြင်းအား သဘောတူညီလျှင် ယင်းအကျိုးခံစားခွင့်ကို လွှဲပြောင်းပေးသူက ပိုင်ဆိုင်ခဲ့သောအချိန်ကာလသည် လွှဲပြောင်းခြင်းခံရသူအကျိုးအတွက် ၎င်းထံသို့ မရောက်ရှိစေရ။

ပေါ်လစီတစ်စောင်တည်းဖြင့် တစ်စီးထက်ပိုသော မော်တော်ယာဉ်များအား အာမခံထားရှိခဲ့ခြင်းဖြစ်လျှင် အဆိုပါ မော်တော်ယာဉ် တစ်စီးချင်းစီအတွက် ပေါ်လစီသီးခြားတစ်စောင်စီထုတ်ပေးသကဲ့သို့ လျော်ကြေးမဲ့ဆုကို တွက်ချက်ရမည်။

## အချို့သောစည်းမျဉ်းများအား ရှောင်လွှဲခြင်းနှင့်ပြန်လည်ရရှိနိုင်သည့်အခွင့်အရေး

ဤပေါ်လစီပါပြဋ္ဌာန်းချက် သို့မဟုတ် ပြင်ဆင်ချက်တစ်ရပ်ရပ်သည် ဤပေါ်လစီနှင့်စပ်လျဉ်း၍ လျော်ကြေးရရှိခွင့်ရှိသော ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ မည်သည့်ပဋိညာဉ် သို့မဟုတ် ဥပဒေအရမဆို ငွေကြေးတစ်ရပ်ရပ်ရရှိနိုင်ခွင့်အား မထိခိုက်စေရ။

သို့ရာတွင် ယင်းဥပဒေ သို့မဟုတ် ပဋိညာဉ်ကြောင့်သာမဟုတ်လျှင် ဤကုမ္ပဏီက ပေးလျော်ရန်တာဝန်မရှိခဲ့ဘဲ ပေးချေခဲ့ရသော ငွေကြေးအားလုံးကို အာမခံထားသူကပြန်လည်ပေးဆပ်ရမည်။

## အထွေထွေစည်းမျဉ်းများ

၁။ ဤကုမ္ပဏီသည် အောက်ပါများအတွက် တာဝန်မရှိ၊ လျော်ကြေးမပေးပါ-

(က) အောက်ပါအချက်များကြောင်းဖြစ်ပေါ်သော မတော်တဆဆုံးရှုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် တင်ရှိသည့်တာဝန်ရှိခြင်း-

(၁) ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပထဝီနယ်နမိတ်ပြင်ပတွင်ဖြစ်ခြင်း

(၂) အာမခံထားသူ၏အမိန့် သို့မဟုတ် ခွင့်ပြုချက်အရ သို့မဟုတ် အာမခံထားသူသိလျက်နှင့် အာမခံထားသည့် မော်တော်ယာဉ်အား

(ကက) အဆိုလွှာတွင် ဖော်ပြထားခဲ့သည့်အတိုင်း အသုံးမပြုဘဲ အခြားနည်းဖြင့်အသုံးပြုခြင်း

(ခခ) အာမခံထားရှိသောမော်တော်ယာဉ် အမျိုးအစားကိုမောင်းနှင်ရန် အရည်အချင်းပြည့်ဝပြီး လိုင်စင်ရရှိထားသည့် ယာဉ်မောင်းမဟုတ်ဘဲ အခြားသူတစ်ဦးဦးက အာမခံထားသည့်မော်တော်ယာဉ်ကို မောင်းနှင်ခြင်း

(ဂဂ) မူးယစ်စေတတ်သော အရက် သို့မဟုတ် ဆေးဝါးများကိုစားသောက်ကာ မူးယစ်နေသည့် မည်သည့်ပုဂ္ဂိုလ်ကမဆို အာမခံထားရှိသော မော်တော်ယာဉ်ကိုမောင်းနှင်ခြင်း

(ခ) ရေကြီးခြင်း၊ လေမုန်တိုင်း၊ မိုးမုန်တိုင်း၊ တိုင်ဖွန်းမုန်တိုင်း၊ ဟာရီကိန်းမုန်တိုင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ လျှပ်စီးခြင်း၊ မြေပြိုခြင်း၊ မြေလျှောခြင်း၊ သို့မဟုတ် မြေကျွံခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်း၊ နိုင်ငံခြားရန်သူများ၏အပြုအမူ၊ စစ်ပြခြင်းများ၊ စစ်ပွဲကဲ့သို့ တိုက်ခိုက်ခြင်းများ (စစ်ကြေညာသည်ဖြစ်စေ၊ မကြေညာသည်ဖြစ်စေ) ပြည်တွင်းစစ်၊ ပုန်ကန်ခြင်း၊ သူပုန်ထခြင်း၊ တော်လှန်ရေး၊ ဆူပူသောင်းကျန်းခြင်း၊ စစ်တပ် သို့မဟုတ် အာဏာသိမ်းခြင်းနှင့် ဖော်ပြပါအဖြစ်အပျက်တစ်ခုခု၏ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သော အကျိုးသက်ရောက်မှုတစ်ရပ်ရပ်ကြောင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ နီးကပ်စွာသော်လည်းကောင်း၊ ဝေးလံစွာသော်လည်းကောင်းဖြစ်ပေါ်စေသောအားပေးသော၊ အခြေခံသော၊ ပေါ်ပေါက်သောမည်သည့် မတော်တဆဖြစ်ပွားခြင်း၊ ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် တာဝန်ရှိခြင်း(ဥပဒေအရလိုအပ်ချက်များမှအပ)မဆို။ ဤစည်းမျဉ်းများနှင့်အညီ လျော်ကြေး တစ်စုံတစ်ရာ တောင်းခံလာလျှင် အဆိုပါ မတော်တဆဖြစ်ပွားခြင်း၊ ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် တာဝန်ရှိခြင်းသည် အထက်ဖော်ပြပါ အဖြစ်အပျက်တစ်ရပ်ရပ် သို့မဟုတ် ယင်းအဖြစ်အပျက်များ၏ အကျိုးသက်ရောက်မှုတစ်ရပ်ရပ်တွင် အခြေခံခြင်း၊ ၎င်းတို့ကအားပေးခြင်း၊ ၎င်းတို့ကဖြစ်ပေါ်စေခြင်း၊ ၎င်းတို့နှင့်ဆက်စပ်ဖြစ်ပေါ်စေခြင်း မဟုတ်ဘဲ ၎င်းတို့ နှင့်သီးခြားကင်းလွတ်စွာ ဖြစ်ပေါ်ခဲ့ကြောင်းကို အာမခံထားသူက သက်သေပြရမည်။ ထိုကဲ့သို့ သက်သေပြရန် ပျက်ကွက်လျှင် အဆိုပါလျော်ကြေးအတွက် ငွေကြေးတစ်စုံတစ်ရာပေးလျော်ရန် ဤကုမ္ပဏီတွင် တာဝန်ရှိလိမ့်မည် မဟုတ်ပါ။

(ဂ) ယင်းပဋိညာဉ်သာမရှိပါက တင်ရှိလာမည်မဟုတ်သော ပဋိညာဉ်တစ်ရပ်နှင့်အညီ တင်ရှိလာသော မည်သည့်တာဝန်ရှိခြင်းမဆို။

(ဃ) တစ်စုံတစ်ဦးထံမှ အာမခံထားသူက ရရှိပိုင်ခွင့်ရှိစေကာမူ ၎င်းနှင့်အာမခံထားသူတို့ ချုပ်ဆိုထားသော ပဋိညာဉ်အရ မရရှိသည့် မည်သည့်ငွေကြေးမဆို။

(င) (၁) မည်သည့်ပစ္စည်းမဆို မတော်တဆဖြစ်ခြင်း၊ ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းတစ်မျိုးမျိုး၊ ယင်းကဲ့သို့ ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့်ဖြစ်ပေါ်လာသော သို့မဟုတ် ပေါ်ပေါက်လာသော မည်သည့်ဆုံးရှုံးခြင်း သို့မဟုတ် စရိတ်ကုန်ကျခြင်း၊ သို့မဟုတ် အမြတ်/ဝင်ငွေဆုံးရှုံးခြင်းမဆို။

(၂) အဏုမြူလောင်စာလောင်ကျွမ်းရာမှ ထွက်ပေါ်လာသော မည်သည့်အဏုမြူစွန့်ပစ်ပစ္စည်းကြောင့်မဆို သို့မဟုတ် အဏုမြူလောင်စာတစ်ခုခုမှ ရေဒီယိုသတ္တိကြွခြင်းကြောင့် ညစ်ညမ်းစေခြင်း သို့မဟုတ် အိုင်းယွမ်းအသွင်ကူးပြောင်း ရေဒီယိုသတ္တိကြွခြင်းတို့နှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ဖြစ်ပေါ်စေသော သို့မဟုတ် အားပေးသော သို့မဟုတ် ပေါ်ပေါက်စေသော မည်သည့်တာဝန်ရှိခြင်းမဆို။ ဤစည်းမျဉ်းအလို့ငှာ လောင်ကျွမ်းခြင်းတွင် အလိုအလျောက် အဏုမြူကွဲထွက်ခြင်း (nuclear fission) သို့မဟုတ် အဏုမြူပေါင်းစပ်ခြင်း (nuclear fusion) ပါဝင်ရမည်။

(စ) အဏုမြူလက်နက်များပြုလုပ်နိုင်သည့်ပစ္စည်းက တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ဖြစ်ပေါ်စေသော သို့မဟုတ် အားပေးသော သို့မဟုတ် ပေါ်ပေါက်စေသော မည်သည့်မတော်တဆဖြစ်ခြင်း၊ ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် တာဝန်ရှိခြင်းမဆို။

၂။ ဤပေါ်လစီသည် အဆိုလွှာတွင် အာမခံထားသူ၏ ထုတ်ဖော်ဖြေကြားချက်များအား ပဋိညာဉ်၏အခြေခံအဖြစ်မှတ်ယူကာ ဤကုမ္ပဏီနှင့် အာမခံထားသူတို့၏စပ်ကြား၌ ပဋိညာဉ်တစ်ရပ်ကို ပြုလုပ်ထားပြီးဖြစ်ကြောင်း သက်သေခံသည်။ ဤပေါ်လစီ၏ မည်သည့်နေရာတွင်မဆို ပါရှိသော စကားလုံးတစ်လုံးလုံး သို့မဟုတ် ဖော်ပြချက် တစ်ရပ်ရပ်အတွက် သတ်မှတ်ထားသောအဓိပ္ပါယ်သည် ယင်း စကားလုံး သို့မဟုတ် ဖော်ပြချက်မည်သည့်နေရာ၌ ထပ်မံပါရှိလာသည်ဖြစ်စေ၊ အဆိုပါအတိအကျအဓိပ္ပါယ်အတိုင်းပင်ဖြစ်ရမည်။

၃။ ဤပေါ်လစီအရ ဤကုမ္ပဏီသို့ နို့တစ်ပေးခြင်း သို့မဟုတ် ဆက်သွယ်ခြင်းအားလုံးတို့ကို စာဖြင့် ရေးသားပေးပို့ရမည်။

၄။ အာမခံထားသူသည် အာမခံထားသောမော်တော်ယာဉ်ကို ကောင်းမွန်သောအနေအထားတွင်ရှိစေရန်နှင့် ၎င်းအားဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းမှ ကာကွယ်နိုင်ရန်အလို့ငှာ လျော်ကန်သင့်မြတ်လုပ်သင့်လုပ်ထိုက်သော ကိစ္စများကို ဆောင်ရွက်ရမည်။ ဤကုမ္ပဏီသည် မည်သည့်အချိန်တွင်မဆို အာမခံထားရှိသည့်မော်တော်ယာဉ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ခုခု သို့မဟုတ် အာမခံထားသူ၏ မည်သည့်ယာဉ်မောင်း သို့မဟုတ် မည်သည့်အလုပ်သမားကိုမဆို ထိတွေ့စစ်ဆေးပိုင်ခွင့်ရှိသည်။ မတော်တဆမှုတစ်စုံတစ်ရာဖြစ်ခဲ့လျှင် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းပိုမိုကြီးမားမလာစေရန်အလို့ငှာ လုပ်သင့်လုပ်ထိုက်သော ကြိုတင်ကာကွယ်မှုများနှင့် ထိန်းသိမ်းစောင့်ရှောက် ခြင်းများမရှိဘဲ မော်တော်ယာဉ်ကို ပစ်မထားရ။ လိုအပ်သောပြင်ဆင်မှုများကို မဆောင်ရွက်ရသေးမီ မော်တော်ယာဉ်ကိုမောင်းနှင်ပါက မူလပျက်စီးခြင်းထက် ပိုမိုတိုးတက်ပျက်စီးလာခြင်းနှင့် ပျက်စီးခြင်းအသစ်များသည် ဤပေါ်လစီက ပေးလျော်မည့် လျော်ကြေးတွင် မပါဝင် ပါ။

၅။ ဤပေါ်လစီအရ လျော်ကြေးတောင်းခံနိုင်မည့် အဖြစ်အပျက်တစ်စုံတစ်ရာဖြစ်ပေါ်ပါက အာမခံထားသူသည် ရက်သတ္တတစ်ပတ်အတွင်း အသေးစိတ်အချက်အလက်များနှင့်တကွ ဤကုမ္ပဏီသို့ နို့တစ်ပေး အကြောင်းကြားရမည်။ စာ၊ တောင်းခံမှု၊ စာချွန်သမ္မန်စာနှင့် လုပ်ထုံးလုပ်နည်း (process) တိုင်းကိုရရှိလျှင် ရရှိချင်း ဤကုမ္ပဏီသို့ ချက်ချင်းအသိပေးအကြောင်းကြားရမည် သို့မဟုတ် ဆက်လက်ပေးပို့ရမည်။ အာမခံထားသူသည် ယင်းအဖြစ်အပျက် တစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ တရားစွဲဆိုခြင်း၊ သေမှုသေခင်းစစ်ဆေးခြင်း သို့မဟုတ် လူသေမှုစစ်ဆေးခြင်း တစ်ရပ်ရပ်ကို ပြုလုပ်မည်ဟုသိရှိလာလျှင် ဤကုမ္ပဏီသို့ ချက်ချင်းအသိပေး အကြောင်းကြားရမည်။ ဤပေါ်လစီအရ လျော်ကြေး တောင်းခံနိုင်သော ရာဇဝတ်မှုတစ်ခုဖြစ်ပွားလာလျှင် အာမခံထားသူသည် ရဲအဖွဲ့သို့ ချက်ချင်းအကြောင်းကြားကာ ကျူးလွန်သူအပြစ်ရရှိစေရန် အလို့ငှာ ဤကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၆။ ဤကုမ္ပဏီ၏ စာဖြင့်ရေးသားခွင့်ပြုချက်ကိုမရရှိဘဲ အာမခံထားသူကဖြစ်စေ၊ ၎င်း၏ကိုယ်စားဖြစ်စေ၊ အပြစ်ရှိကြောင်းဝန်ခံခြင်း၊ ကမ်းလှမ်းခြင်း၊ ကတိပြုခြင်း သို့မဟုတ် ငွေပေးခြင်းတို့ကိုမပြုလုပ်ရ။ ဤကုမ္ပဏီသည် မိမိ၏ဆန္ဒ အလျောက် မည်သည့်လျော်ကြေးကိုမဆို

ပေးလျော်ခြင်း သို့မဟုတ် ခုခံကာကွယ်ခြင်းကို မိမိ၏အမည်ဖြင့်လုပ်ပိုင်ခွင့်ရှိသည်။ သို့မဟုတ် လျော်ကြေး သို့မဟုတ် နစ်နာကြေး သို့မဟုတ် အခြားရပိုင်ခွင့်များအား တောင်းခံသည့် မည်သည့်ကိစ္စတွင်မဆို မိမိကိုယ်ကျိုးအတွက် မိမိအမည်ဖြင့် တရားစွဲဆိုပိုင်ခွင့်ရှိသည်။ မည်သည့် လျော်ကြေးကိုမဆို ပေးလျော်ခြင်းနှင့် မည်သည့်တရားစွဲဆိုမှု၌မဆို မိမိဆန္ဒအလျောက် လုပ်ပိုင်ခွင့်အပြည့်ရှိသည်။ အာမခံထားသူသည် ဤကုမ္ပဏီက လိုအပ်နိုင်သည့် သတင်းအချက်အလက်အားလုံးနှင့် အကူအညီများကို ဤကုမ္ပဏီသို့ ပံ့ပိုးရမည်။

၇။ ဤကုမ္ပဏီသည် အာမခံထားသူအား နောက်ဆုံးသိရှိသည့် ၎င်း၏လိပ်စာသို့ မှတ်ပုံတင်စာဖြင့် ပေးပို့ကာ (၁၄) ရက် နို့တစ်ပေးပြီး ဤပေါ်လစီကို ဖျက်သိမ်းနိုင်သည်။ ထိုကဲ့သို့ ဖျက်သိမ်းခဲ့လျှင် ပေါ်လစီ တည်မြဲခဲ့သော ကာလအတွက် အချိုးကျပရီမီယံကိုခုနှိမ်ကာ ကျန်ပရီမီယံကို အာမခံထားသူသို့ပြန်အမ်းမည်။ လက်ရှိသက်တမ်းအတွင်း လျော်ကြေးမပေါ်ပေါက်သေးလျှင် အာမခံထားသူကလည်း မည်သည့် အချိန်တွင်မဆို (၁၄)ရက် နို့တစ်ပေးပြီး ဤပေါ်လစီကို ဖျက်သိမ်းနိုင်သည်။ ထိုကဲ့သို့ဖျက်သိမ်းခဲ့လျှင် ပေါ်လစီတည်မြဲခဲ့သော ကာလအတွက် ကာလတိုနှုန်းဖြင့် ပရီမီယံတွက်ချက်ခုနှိမ်ကာ ကျန်ပရီမီယံ ပြန်အမ်းငွေကို အာမခံထားသူက ရပိုင်ခွင့်ရှိသည်။

၈။ အကယ်၍ ဤပေါ်လစီနှင့်စပ်လျဉ်းပြီး လျော်ကြေးတစ်စုံတစ်ရာပေါ်ပေါက်ချိန်တွင် ယင်းဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် တာဝန်ရှိမှုအား အာမခံသော အခြားအာမခံတစ်ရပ်ရပ်ရှိနေလျှင် ဤကုမ္ပဏီသည် မည်သည့်ဆုံးရှုံးမှု၊ ပျက်စီးမှု၊ လျော်ကြေး၊ စရိတ်စကအတွက်မဆို အချိုးကျပေးလျော်ရန် သို့မဟုတ် ထည့်ဝင်ရန်ထက် ပိုမိုတာဝန်မရှိစေရ။

၉။ ဤပေါ်လစီမှပေါ်ပေါက်လာသော သဘောထားမတိုက်ဆိုင်မှုအားလုံးနှင့်စပ်လျဉ်း၍ သဘောထား မတိုက်ဆိုင်သူများ က စာဖြင့် ရေးသားခန့်ထားသည့်အနုညာတခုံလူကြီး၏ ဆုံးဖြတ်ချက်ကိုနာခံရမည်။ သို့မဟုတ် အကယ်၍၎င်းတို့က အနုညာတခုံ လူကြီးတစ်ဦးတည်းကို သဘောမတူလျှင် နှစ်ဦး၏ဆုံးဖြတ်ချက်ကိုနာခံရမည်။ သဘောထားမတိုက်ဆိုင် သူတစ်ဦးဦးက အနုညာတခုံလူကြီးကို ခန့်ထားရန် စာဖြင့်ရေးသားအကြောင်းကြားလာပြီးနောက် ပြက္ခဒိန်(၁)လ အတွင်းတွင် ကျန်သဘောထား မတိုက်ဆိုင်သူက မိမိ၏ခုံလူကြီးကို စာဖြင့် ရေးသားခန့်ထားရမည်။ အကယ်၍ ခုံလူကြီးနှစ်ဦးအတွင်း သဘောထားကွဲလွဲနေပါက ဆုံးဖြတ်ရန်ကိစ္စကိုမဆောင်ရွက်မီကပင် ခုံလူကြီး (၂)ဦးစလုံးက စာဖြင့်ရေးသားကြိုတင်ခန့်ထားသော ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်ကိုနာခံရမည်။ ဒိုင်လူကြီးသည် ခုံလူကြီးများနှင့် အတူတကွ ရုံးထိုင်ကာ ၎င်းတို့ ဆွေးနွေးညှိနှိုင်းခြင်းအပေါ်တွင် သဘာပတိမှုရမည်။ ခုံလူကြီး၊ ခုံလူကြီးများ သို့မဟုတ် ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်များ ကိုရရှိပြီးမှသာ ဤကုမ္ပဏီအား တရားစွဲဆိုပိုင်ခွင့်ရှိသည်။ ဤကုမ္ပဏီက လျော်ကြေး တစ်ရပ်ရပ်အတွက်တာဝန်မရှိဟု အာမခံထားသူသို့ ငြင်းဆိုပြီးနောက် ပြက္ခဒိန်(၁၂) လအတွင်း ဤစည်းမျဉ်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယင်းလျော်ကြေးကိစ္စကို အနုညာတခုံရုံးသို့ မပေးပို့ ဆုံးဖြတ်ချက်မခံယူပါက မည်သည့်ကိစ္စအတွက်မဆို ယင်းလျော်ကြေးကို ဆက်လက်မတောင်းခံတော့ဘဲ စွန့်လွှတ်လိုက်ပြီဟု မှတ်ယူရမည် ဖြစ်ပြီး ဤစည်းမျဉ်းအရ နောင်တွင်လည်း ဤလျော်ကြေးကိုလုံးဝမရရှိနိုင်ပါ။

၁၀။ ဤပေါ်လစီအရ လျော်ကြေးတစ်စုံတစ်ရာ ပေးလျော်ရန်အတွက် ဤကုမ္ပဏီ၏မည်သည့်တာဝန်ရှိမှုမဆို အာမခံထားသူက ဆောင် ရန် သို့မဟုတ် ရှောင်ရန်ကိစ္စများနှင့်စပ်လျဉ်းပြီး ဤပေါ်လစီပါစည်းမျဉ်းများနှင့် ဆက်စပ် ပတ်သက်သရွေ့ အာမခံထားသူက ဖြည့်ဆည်း ခြင်း၊ လိုက်နာခြင်းနှင့် အဆိုလွှာပါ ဖော်ပြထားခြင်းများနှင့် အဖြေများ၏ မှန်ကန်မှုအပေါ်တွင် မူတည်သည်။

၁၁။ တစ်စုံတစ်ဦး၏ ဥပဒေနှင့်ဆန့်ကျင်သည့် အပြုအမူနှင့်တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ဖြစ်ပေါ်သော အကျိုးသက်ရောက်မှုကြောင့် အာမခံထားသည့် မော်တော်ယာဉ် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း သို့မဟုတ် အာမခံထားသူသို့ တာဝန်ရှိမှု ဖြစ်ပေါ်ခြင်းအမျိုးမျိုး (သက်ဆိုင်သည့်အတိုင်း)အတွက် ဤကုမ္ပဏီသည် မည်သည့်အခြေအနေမျိုးတွင်မှ တာဝန်မရှိပါ။ သို့ရာတွင် ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်ကမှ ဤပေါ်လစီပုဒ်မ (၂)နှင့်အညီ အပြစ်မဲ့သူတစ်ပါး တစ်ဦး၏လျော်ကြေးရပိုင်ခွင့်ကို မထိခိုက်စေရ။

FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

## "သတိပြုရန်"

အာမခံထားသူများ ပေါ်လစီစည်းကမ်းချက်များကို နားလည်ရှင်းလင်းစေရန် မြန်မာဘာသာ ပြန်ဆိုပေးထားခြင်း ဖြစ်ပါသည်။ လျော်ကြေးနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာဖြစ်ပေါ်လာပါက အာမခံကြီးကြပ်ရေးအဖွဲ့မှ ခွင့်ပြုထားသော အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော Policy Terms and Conditions ပါ ပြဋ္ဌာန်းချက်များအတိုင်းသာ ဖြစ်ပါသည်။

အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသော Policy Terms and Conditions များအား သိရှိလိုပါက FNI ၏ Website ဖြစ်သော www.fnigeneral.com တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။